
# ACC Against COVID-19




## အစီအစဉ် (၈၀)

# "ကိုဗစ်-၁၉၊ ကမ္ဘာလုံးဆိုင်ရာ အဂတိနယ်ပယ်နှင့် နိုင်ငံသားတိုင်း၏ တာဝန်"

တင်ပြသူ

အောင်ဇော်မိုး

ကိုဗစ်-၁၉ သည် အထီးကျန်မှုများ၊ စိုးရိမ်မှုများ၊ တစ်ဦးကိုတစ်ဦးက မယုံကြည်မှုများ၊ လူနေမှုပုံစံသစ်များနှင့် အတူ စီးပွားရေး ကျဆင်းမှုများကို သယ်ဆောင်လာသည်။ မယုံကြည်မှု၊ ထိတ်လန့်မှုတို့နှင့်အတူ အကျင့်ပျက်မှု၊ ဖောက်ပြန်မှုတို့သည်လည်း အပ်သွားရာ အပ်ချည်ပါသကဲ့သို့ စဉ်ဆက်လိုက်ပါလာကြသည်။

Advocacy and Legal Advice Centres (ALAC) ၏ စစ်တမ်းတစ်ရပ်အရ ကမ္ဘာပေါ်တွင် အကျင့်ပျက်ခြစားမှုသို့မဟုတ် ဆိုးကျိုးသက်ရောက်မှု အဖြစ်ပွားဆုံးသောကဏ္ဍများမှာ လူသားချင်းစာနာမှု အကူအညီပစ္စည်းများနှင့်သက်ဆိုင်သည့်ကိစ္စများ၊ ရဲဝန်ထမ်းများနှင့်သက်ဆိုင်သောနယ်ပယ်များ၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ကိစ္စများနှင့် အမျိုးသမီးများစသည်တို့ ပါဝင်သည်ဟုဆိုပါသည်။





## အလိုအပ်ဆုံးသူထံ လူသားချင်းစာနာမှုဆိုင်ရာပစ္စည်းများ မရောက်ရှိခြင်း

COVID-19 ကူးစက်မှုကာလအတွင်း ကမ္ဘာ့ လူဦးရေ၏ ထက်ဝက်နီးပါးသည် ဗိုင်းရပ်စ် ပျံ့နှံ့မှုကို နှေးကွေးစေရန် Stay at home အစီအစဉ်ကို လိုက်နာကာ အိမ်တွင်နေခဲ့ကြရသည်။ ကမ္ဘာ့နိုင်ငံ အသီးသီးသည် ၎င်းတို့၏ လုပ်နိုင်စွမ်းရှိသလောက် ကပ်ရောဂါ ဆိုင်ရာအခက်အခဲကိုဖြေရှင်းရန် ဘတ်ဂျက်ငွေများစွာ အသုံးပြုရလျက်ရှိရာ ကမ္ဘာနှင့်ချီ၍ တွက်ဆပါက ဒေါ်လာသန်း ထောင်ပေါင်းများစွာသော စီးပွားရေးလှုံ့ဆော်မှု အစီအစဉ်များကို ဆောင်ရွက်ကြရသည်။ သို့သော်နေရာများစွာတွင် အဂတိလိုက်စားမှုကြောင့် အခက်အခဲဆုံးသောလူများထံ အကူအညီများ ရောက်ရှိရန် အတားအဆီး သဖွယ်ဖြစ် လျက်ရှိလေသည်။






နိုင်ငံအချို့တွင် မည်သည့်ငွေကြေးထောက်ပံ့မှုအတွက် မည်သူတို့က ရရှိရန်အရည်အချင်းပြည့်မီကြောင်း ရှင်းလင်းပြတ်သားသောစံနှုန်းများကို ထုတ်ပြန်ရန်ပျက်ကွက်ခဲ့ကြပြီး အချို့မှာမူ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုကင်းမဲ့ခဲ့သည်ဟုဆိုသည်။ ရလဒ်အနေဖြင့် အကျင့်ပျက်အရာရှိများသည် အခြားသူများရရှိရမည့်ငွေကြေးများဖြင့် ၎င်းတို့နှင့် ၎င်းတို့၏နိုင်ငံရေးထောက်ခံ သူများအား အကျိုးရှိစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြသည်။

လူအများစုသည် အစိုးရ၏ အကူအညီအထောက်အပံ့များကို မရရှိပါက မည်မျှပင်ဗိုင်းရပ်ကူးစက်မည့်ဘေးနှင့်နီးကပ် နေစေကာမူ ဝမ်းစာရေးအတွက် အလုပ်ခွင်ဆီသို့ မဖြစ်မနေရောက်အောင်သွားကြမည်သာဖြစ်သည်။



သတင်းပေးပို့ချက်များအရ သီရိလင်္ကာနိုင်ငံတွင် ၂၀၂၀ ခုနှစ်၊ မတ်လအတွင်းက ဝင်ငွေနည်းပါး မိသားစုများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် သီရိလင်္ကာရူပီး ၅၀၀၀ စီ ထောက်ပံ့မည် ဟု ကြေညာခဲ့သော်လည်း နွမ်းပါးသူများအတွက် ထောက်ပံ့ငွေကို အရာရှိများကအလွဲသုံးစားပြုခြင်း၊ အမှန်တကယ်ပေးဝေရမည့်သူများထံသို့ မရောက်ခြင်းများရှိခဲ့သည်။ ထို့အတူ အာဖဂန်နစ္စတန်၊ အယ်ဆာဗေဒိုး၊ နိုင်ဂျီးရီးယားနှင့် ရဝမ်ဒါနိုင်ငံတို့တွင် အလားတူ လူသားချင်းစာနာမှုအကူအညီပစ္စည်းများအား မတရားရယူခြင်းများရှိခဲ့သည်။



သို့ဖြစ်ရာ ယင်းသို့သော ဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် အောက်ပါအချက်များကို စနစ်တကျ လိုက်နာဆောင်ရွက်ရသည်ကိုတွေ့ရပါသည်-

- COVID-19 အကူအညီပေးရေးအစီအစဉ်များအတွက် ရှင်းလင်းသောစံ သတ်မှတ် (criteria) ချက်များ ချမှတ်ဆောင်ရွက်ခြင်း။
- စားနပ်ရိက္ခာနှင့် ငွေကြေးဆိုင်ရာအကူအညီများကို တာဝန်ခံမှုအပြည့်ဖြင့် ဖြန့်ဝေစေခြင်း၊
- COVID-19 တုံ့ပြန်ကာကွယ်ရေး နှင့်ဆက်စပ်သော အများပြည်သူအသုံးစရိတ်ကိစ္စများတွင် မမှန်မကန် ဖော်ပြခြင်းများကို နိုင်ငံသားများအနေဖြင့်တိုင်ကြားနိုင်သော ယန္တရားများထားရှိခြင်း၊
- အဂတိလိုက်စားမှုဖြစ်စဉ်အားလုံးကို အဆင့်ဆင့်တင်ပြ အရေးယူခြင်း၊
- သတင်းပေးတိုင်ကြားသူများကို အကာအကွယ်ပေးခြင်းနှင့် အများပြည်သူအတွင်း၌ဖြစ်ပေါ် လျက်ရှိသော မှားယွင်းမှုများကို တင်ပြစေခြင်း။

မိမိတို့နိုင်ငံတွင်လည်း ကိုဗစ်-၁၉ တုံ့ပြန်ကာကွယ်ရေး အတွက် CERP Plan ကို အကောင်အထည်ဖော်ခဲ့ရာတွင် အောက်ခြေအဆင့်ဆင့်တွင် တွေ့ကြုံရသော အချိန်ကာလ ကန့်သတ်မှုအခက်အခဲ၊ သတင်းအချက်အလက်များ အချိန်မီ ပြည့်စုံစွာ မရရှိသည့် အခက်အခဲတို့ကြောင့် လူသားချင်း စာနာမှုအကူအညီများ ဖြန့်ဝေရာတွင် လွဲချော်မှုရှိခဲ့သည်။ စံသတ်မှတ်ချက်အချို့ကြောင့် ချေးငွေထုတ်ချေးမှု၏ အကျိုး ကျေးဇူးကို အချို့လုပ်ငန်းရှင်များ မခံစားခဲ့ရသကဲ့သို့ အောက် ခြေအဆင့်တွင် စားနပ်ရိက္ခာဝေငှသည့် ကိစ္စများ၌ ဝေဖန်မှု အချို့ရှိခဲ့သည်။ သို့ရာတွင် ယင်းဝေငှမှုသည် ၈၅ ရာခိုင်နှုန်း အကျိုးသက်ရောက်မှုရှိခဲ့သည်ဟု စစ်တမ်းများက ဆိုထား သည်။



# ကိုဗစ်ကာလအတွင်းရဲဝန်ထမ်းများ အကျင့်ပျက်ခြစားမှု

နိုင်ငံအသီးသီးသည် ကိုဗစ်-၁၉ ကြောင့် ညမထွက်ရအမိန့်များထုတ်ခြင်း၊ လမ်းများပိတ်ခြင်း၊ Lock down ၊ Semi-lock down နှင့် အိမ်တွင်နေရန် အမိန့်များ ထုတ်ပြန်ခဲ့ကြသည်။ သို့ဖြစ်ရာ ယင်း၏ အကျိုးဆက်အားဖြင့် ကမ္ဘာအနှံ့တွင် လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှုများဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ အထူးအားဖြင့် နိုင်ငံပေါင်း ၆၀ ကျော်တွင် Quarantine Centre မှ ထွက်ခွာလိုသူ၊ ညမထွက်ရ အမိန့်ကိုမလိုက်နာသူ၊ အိမ်သို့မဖြစ်မနေပြန်ရမည့်သူ၊ အလုပ်ခွင်သို့ သွားရောက်သူများထံမှ ရဲများက လာဘ်ငွေယူခဲ့ကြသကဲ့သို့ ဆရာဝန်၊ သူနာပြုများပင်လာဘ်ပေးခဲ့ရသည်ဟု ဆိုလေသည်။



ဤဖြစ်စဉ်အများစုမှာ Madagascar ၊ Venezuela နှင့် Zimbabwe ကဲ့သို့သော နိုင်ငံများတွင်အဖြစ် များခဲ့သည်။ ဇင်ဘာဘွေတွင် ဆေးရုံ သို့သွားရောက်ရန်ကြိုးစားသည့် ဖျားနာသူများနှင့် ကိုယ်ဝန်ဆောင်များ ထံမှ ရဲများက လာဘ်ငွေယူကြသည်။ South Africa တွင် ပိတ်ထားသော လမ်းများကို အသုံးပြုကာ လာဘ်ငွေတောင်းခံရုံမျှမက ကားများအတွင်း မှ ပစ္စည်းနှင့် ငွေကြေးများကိုပင် ရဲများက ခိုးယူကြသည်။ အလားတူ ကွန်ဂိုတွင် ပေါင်မုန့်ပို့သူ Delivery သမားထံမှ စက်ဘီး၊ ဖုန်းနှင့် ငွေများ ကို ရဲက သိမ်းယူခဲ့သည်။



- အဆိုးဆုံးမှာ မိမိအိမ်တွင် မိတ်ဆွေနှင့် Mask မတပ်ဘဲ စစ်တုရင်ကစားနေသူ နှစ်ဦးအား ဖမ်းဆီးထောင်ချခြင်း၊ နှလုံးရောဂါရှိသူအား ဒဏ်ငွေမဆောင်နိုင်သဖြင့် အလုပ်ကြမ်း လုပ်ကိုင်စေရာ ရဲစခန်းဝင်းအတွင်း၌ပင် သေဆုံးခြင်းကဲ့သို့ ဆိုးဆိုးရွားရွားဖြစ်ရပ်များ တွေ့ရှိရသည်။ ကင်ညာတွင် Mask မတပ်သူ၊ ညထွက်သူများအားဖမ်းဆီးကာ Quarantine Centre များသို့ ရဲများက ပို့ဆောင်ကာ တစ်ရက်လျှင် ဒေါ်လာ ၂၀ တောင်းယူခြင်း၊ မပေးနိုင်ပါက Quarantine Centre မှ ထွက်ခွာခွင့်မပြုဘဲ ဖမ်းဆီးချုပ်နှောင်မှုများရှိခဲ့သည် ဟုဆိုသည်။





ယင်းသို့သောအခြေအနေများကိုတားဆီးကာကွယ်ရန် အောက်ပါအချက်များကို ဆောင်ရွက်သင့်ပေသည်-

- လာဘ်ပေးလာဘ်ယူမှုနှင့်သက်ဆိုင်သည့် တင်ပြလာမှုများကို အရေးယူဆောင်ရွက်ခြင်း၊ အကျင့်ပျက်ခြစားမှုများအား စုံစမ်းစစ်ဆေးခြင်း၊
- လာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်၍ ဖမ်းမိသောရဲများအား စည်းကမ်းထိန်းသိမ်းခြင်း၊ အရေးယူခြင်း။

မည်သို့ဆိုစေ ဤသို့သောဖြစ်စဉ်များမှာ မြန်မာနိုင်ငံတွင် မရှိသလောက်နည်း၏။ မရှိဟုပင်ဆိုရမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံသားတို့၏ ထူးခြားသောဝိသေသကြောင့် ဤကိစ္စမျိုးဖြင့်နာမည်ပျက်ရသောနိုင်ငံစာရင်းတွင် မပါဝင်ခြင်းက လွန်စွာဂုဏ်ယူဖွယ်ကောင်းလှ၏။





## ကျန်းမာရေးဝန်ဆောင်မှုနယ်ပယ်တွင်တွေ့ရသည့် အကျင့်ပျက်ခြစားမှု

၂၀၁၉ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် နာမည်ကြီး ဂျာနယ်တစ်စောင်ဖြစ်သည့် the Lancent က How corruption in healthcare service delivery threatens Universal Health Coverage အမည်ဖြင့် Research Paper တစ်စောင်ကို ဖြန့်ဝေခဲ့သည်။ ၎င်းနောက် ကိုဗစ်-၁၉ ပိုမိုပျံ့နှံ့လာသောအချိန်တွင် အကျင့်ပျက်ခြစားမှုများမှာ ယင်းဂျာနယ်၏ သုတေသနပြုမှုများအတိုင်းပင် ဆက်တိုက်ဆိုသလိုပေါ်ထွက်လာသည်။ အကျင့်ပျက်ခြစားမှုများကြောင့် ကျန်းမာရေးဝန်ဆောင်မှုများကို ထိခိုက်ခြင်းများ ဖြစ်ပေါ်လာသည်။(မူလ Research Paper ကို ဤ လင့်ခ်တွင် ကြည့်နိုင်ပါသည်-


https://www.thelancet.com/journals/lancet/article/PIIS0140-6736(19)32527-9/fulltext)

အကျင့်ပျက်ခြစားမှုကွန်ယက်ကြီး ပေါ်ပေါက်နေချိန်တွင် ကျန်းမာရေးဝန်ထမ်းများမှာ လုံခြုံမှုကင်းမဲ့သော ဆေးရုံနှင့်လုပ်ငန်းခွင်များသို့ဝင်ရောက်နေကြရသည်။ တရားမဝင်သော၊ အရည်အသွေးမပြည့်မီသော ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ဈေးကွက်တွင် နေရာယူလာသည်။ အချို့နေရာများတွင် လူနာများမှာ PPE နှင့် Medical test အတွက် လာဘ်ပေးရမှုများပင်ရှိသည်။ နိုင်ငံတိုင်းသည် ကိုဗစ်-၁၉ အားထိန်းချုပ်ရခက်ခဲနေသည့်နည်းတူ အကျင့်ပျက်မှုများကြောင့်လည်း အလိုအပ်ဆုံးသူများအတွက် လိုအပ်ချက်များ ပြည့်စုံစွာရရှိရန် အတားအဆီးဖြစ်လျက်ရှိသည်။ အထူးအားဖြင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းခွင်မလုံခြုံမှုမှာ နိုင်ငံတိုင်းအတွက်စိန်ခေါ်မှုသဖွယ်ဖြစ် လျက်ရှိသည်။






ကွန်ဂိုနိုင်ငံတွင် အစိုးရက ကိုဗစ်တိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ ၂၇ သန်း ထက်ပိုမိုသုံးစွဲမည်ဟု ထုတ်ပြန်ကြေညာခဲ့သော်လည်း လက်တွေ့တွင်မူ သူနာပြုအများစုမှာ ၃ လစာ လစာမရဘဲ လုပ်ငန်းခွင်သို့ စေလွှတ်ခြင်းခံခဲ့ရသည်။ အိုင်ယာလန်တွင်မူ ဝန်ထမ်းများမှာ လုံလောက်သောဘေးကင်းရေးဆိုင်ရာ အကာအကွယ်များမရရှိဟု ဆိုကြသည်။ ကင်ညာတွင်မူ PPE ပင် လုံလောက်မှုမရှိသဖြင့် ကျန်းမာရေးရန်ပုံငွေကို အလွဲသုံးစားပြုသည်ဟုဆိုကာ ပြည်သူများက လမ်းပေါ်ထွက် ဆန္ဒပြကြသည်အထိပင် ဖြစ်ပွားခဲ့သည်။ PPE ဝယ်ယူရေးနှင့် ဖြန့်ဖြူးရေးကိစ္စရပ်များတွင်လည်း မသမာမှုများစွာရှိခဲ့သည်ဟုဆိုသည်။ အီတလီ တွင်လည်း အရည်အသွေးပြည့်မီခြင်းမရှိဟု သံသယဖြစ်ဖွယ်ရှိသော mask များကို ဝေငှခြင်းလုပ်ငန်းအား ရပ်ဆိုင်းခဲ့ရသည်။






မိမိတို့နိုင်ငံတွင်လည်း ရှေ့တန်းမှတာဝန်ယူဆောင်ရွက်နေသော ဆေးဝန်ထမ်းများ၏ မလုံခြုံသောခံစားမှုများကို လူမှုကွန်ယက်တွင် တွေ့မြင်ရလေ့ရှိသည်။ Close contact များကြောင့် ဆရာဝန်အချို့ အင်အားအပြည့်အဝမသုံးစွဲနိုင်သည့် အခြေအနေမျိုးလည်း အချို့နေရာတွင် တွေ့ကြုံရသည်။ သို့ရာတွင် တစ်ဖက်တစ်လမ်းမှ ပြည်သူအများ၏ ထောက်ပံ့ကူညီမှုများကို မြန်မာနိုင်ငံတွင်တွေ့ရသည်။ အစားအသောက်များ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ အကာအကွယ်ပစ္စည်းများ၊ ငွေကြေးများ လှူဒါန်းမှုရှိသည်။ ယင်းသို့လှူဒါန်းမှုများကို မလိုလားအပ်သော အကျင့်ပျက်မှုများကြောင့် ပြုန်းတီးမှုများမဖြစ်ပွားလေအောင် အောက်ပါအချက်များကို သုံးသပ် ဆောင်ရွက်သင့်ပေသည်-

- လူထုအင်အားဖြင့် ဝိုင်းဝန်းကြသော လှူဒါန်းမှုများကို အလိုအပ်ဆုံးသောနေရာများသို့ ရောက်ရှိ အောင် သက်ဆိုင်ရာက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ခြင်း၊
- နိုင်ငံတော်ဘတ်ဂျက်ဖြင့် ပစ္စည်းများဝယ်ယူရေး၊ ဖြန့်ဖြူးရေးနှင့် ထောက်ပံ့ရေးများ ဆောင်ရွက်ရာ တွင် တာဝန်ခံမှုရှိစေခြင်း၊
- အရည်အသွေးပြည့်မီသော ပစ္စည်းများဝယ်ယူဖြန့်ဝေနိုင်ရေး စနစ်ကျသော ယန္တရားများဖွဲ့စည်း ကာ တာဝန်ပေးအပ်ဆောင်ရွက်ခြင်း၊
- ပြည်သူလူထုက ရောဂါတိုက်ဖျက်ရေးတွင် အစိုးရနှင့်အတူပူးပေါင်းပါဝင်ခြင်း၊ လွဲချော်မှုများရှိပါ က အချိန်မီသတင်းပေးတိုင်ကြားခြင်းနှင့် သက်ဆိုင်ရာအဆင့်ဆင့်က ဆောလျင်စွာ စုံစမ်းစစ်ဆေး ဖော်ထုတ်ခြင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်ကပ်ရောဂါ၏ နောက်ဆက်တွဲသက်ရောက်မှုများနှင့် အဂတိလိုက်စားမှုများကြောင့် လူသားချင်းစာနာမှု အကူအညီလိုအပ်နေသူများ၊ ကျန်းမာရေးနယ်ပယ် မှဝန်ထမ်းများနှင့် အမျိုးသမီးများမှာ ပိုမိုထိခိုက်နစ်နာနေကြရသည်။ ထိုသို့အကျင့်ပျက်မှုများတွင် ဆင်းရဲသော နိုင်ငံများသာမက ချမ်းသာသောဖွံ့ဖြိုးပြီးနိုင်ငံများလည်း သူ့နည်းသူ့ဟန်နှင့်ကြုံတွေ့နေရသည်။ ယင်းသို့အကျင့်ပျက်ခြစားမှုများကို ကျော်လွှားနိုင်ရန်မှာ အစိုးရ၏ကောင်းမွန်သော မူဝါဒ၊ အောက်ခြေအဆင့်ဆင့်၏ စိတ်ပါလက်ပါစနစ်တကျလိုက်ပါ အကောင်အထည်ဖော်မှုနှင့် ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင်မှုတို့ မလွဲမသွေလိုအပ်လှပေသည်။





မလွဲမရှောင်သာ ဒုတိယလှိုင်း၏ရိုက်ခတ်မှုကို ခံခဲ့ရသော်လည်း မြန်မာနိုင်ငံရှိ လူတန်းစား အလွှာအသီးသီး၏ ကိုဗစ်အရေးတွင် ပူးပေါင်းပါဝင်မှုမှာ အားကောင်းလှသည်ဟုရှုမြင်ရသည်။ သေးငယ်သော လွဲချော်မှုများရှိနေသည့်တိုင် ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုမျိုး မပေါ်ပေါက်စေရန်မှာ နိုင်ငံသားတိုင်း၏ တာဝန်တစ်ရပ်ဟုလည်းဆိုနိုင်သည်မဟုတ်ပါလော။

မြန်မာနိုင်ငံကြီး ကပ်ရောဂါဘေး… ကပ်ရောဂါကိုခုတုံးလုပ်၍ အကျင့်ပျက်ခြစားမှုဘေး… ကိုယ်ကျိုးရှာသူ ဝိသမလောဘသားတို့၏ဘေးအပေါင်းမှ လွတ်ကင်းနိုင်ပါစေသတည်း။

